dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ် ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ် စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"HowTransparent is the Ministry of Home Affairs?"*

ဖြစ်ပါတယ်။(ဇန်နဝါရီ ၊၃၀ ၊၂၀၁၆ ရိုက်ကူးသည်။)

- ❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၉၀၀၀၄၈၈ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ "ပြည်ထဲရေးဝန်ကြီးဌာန ဘယ်လောက်ညင်သာပြီး မြင်သာမှုရှိလာမလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ မြန်မာနိုင်ငံမှာဒေသန္တရအုပ်ချုပ်ရေးအာဏာကို ရွေးကောက်တင်မြှောက်ခံစရာမလိုဘဲ ရရှိထားတဲ့ အာဏာပိုင်အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲများက တစ်ဆင့် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရများဖွဲ့စည်း ပေါ်ပေါက်လာပေမယ့် ခရိုင်အဆင့် အုပ်ချုပ်ရေးနဲ့မြို့နယ်အဆင့်အုပ်ချုပ်ရေး ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ထွေ/အုပ်)မှ အရာရှိတွေက တာဝန်ခံအုပ်ချုပ်လျက်ရှိတာ ဖြစ်ပါတယ်။ ထွေ/အုပ်ရဲ့ ဒုတိယ ညွှန်ကြားရေးမှူးအဆင့်ရှိတဲ့ ခရိုင်ဦးစီးမှူးက ခရိုင်အုပ်ချုပ် ရေးမှူး (ခရိုင်ဝန်)တာဝန်ယူပြီး ခရိုင်အဆင့်ကို အုပ်ချုပ်ပါတယ်။ ထွေ/အုပ်ရဲ့ လက်ထောက် ညွှန်ကြား ရေးမှူး အဆင့်ရှိတဲ့ မြို့နယ်ဦးစီးမှူးက မြို့နယ်အုပ်ချုပ်ရေးမှူး(မြို့ပိုင်) တာဝန်ယူပြီး မြို့နယ်အဆင့်ကို အုပ်ချုပ်ပါတယ်။ ထွေ/အုပ်ရဲ့ဦးစီးအရာရှိအဆင့်ရှိသူများကဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး (လက်ထောက်မြို့ပိုင်) ရာထူးတွေကို တာဝန်ယူကြပါတယ်။ ဒေသကြီး/ ပြည်နယ်အဆင့်မှာလည်း ထွေ/အုပ်ရဲ့ ညွှန်ကြားရေးမှူး အဆင့်ရှိတဲ့ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးတွေက တိုင်းမင်းကြီး/ပြည်နယ်မင်းကြီး အဆင့်နဲ့ တိုင်းဒေသကြီး/ပြည် နယ်အစိုးရတွေရဲ့ အတွင်းရေးမှူး ရာထူးတွေကို တာဝန်ခံပြီး တိုင်းဒေသကြီး/ပြည်နယ်ကို လက်တွေ့အုပ်ချုပ်ပါတယ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ လက်အောက်မှာရှိပြီး ၂၀၀၈ ဖွဲ့စည်း ပုံအရ ပြည်ထဲရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာနတွေရဲ့ ဝန်ကြီးတွေ ၊ ဒု-ဝန်ကြီးတွေကို နိုင်ငံတော် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကသာ စစ်မှုထမ်းဆဲအရာရှိကြီးများကို ရွေးချယ်ခန့်အပ်တာကြောင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနဟာ တပ်မတော်အရာရှိကြီး တစ်ဦးဖြစ်တဲ့ ပြည်ထဲရေးဝန်ကြီးက တစ်ဆင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကို တာဝန်ခံရသလို ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံရဲ့ ဒေသန္တရအုပ်ချုပ်ရေး အာဏာကို တပ်မတော်ကာ ကွယ်ရေး ဦးစီးချုပ်က ကိုင်တွယ်မှု အောက်မှာရှိတာ ဖြစ်ပါတယ်။

၂၀၁၂ ဖေဖော်ဝါရီ ၂၄ ရက် တွင် ပြည်ထောင်စုလွှတ်တော်သည် ရပ်ကွက်(သို့မဟုတ်)ကျေးရွာ အုပ်စု အုပ်ချုပ်ရေးဥပဒေ (ရပ်ကျေး အုပ်ချုပ်ရေးဥပဒေ)ကို ၂၀၁၂ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် (၁) အဖြစ် ပြဋ္ဌာန်းခဲ့သည်။ အဆိုပါဥပဒေနှင့်အညီ ၂၀၁၂ ပထမခြောက်လ အတောအတွင်း လက်ရှိ အစိုးရသည် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ကို ရွေးချယ်၊ ခန့်အပ်ခဲ့သည်။ ၂၀၁၆ ဇန်နဝါရီ ၂၀ ရက်တွင် ရပ်ကွက်(သို့မဟုတ်)ကျေးရွာ အုပ်စု အုပ်ချုပ်ရေးဥပဒေ (ရပ်ကျေး အုပ်ချုပ်ရေးဥပဒေ)ကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ ထုတ်ပြန်ခဲ့ပြီး ပုဒ်မ ၉ ကို ပြင်ဆင်ခဲ့တာကြောင့် ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရဲ့ သက်တမ်းဟာ သမ္မတသတက်တမ်းနဲ့ ညီမျှတဲ့အပြင် အဲဒီသက်တမ်းကိုလည်း နှစ်ကြိမ်ထက်မပိုရလို့ ပါရှိခဲ့ပါတယ်။

လက်ရှိမှာတော့ ရပ်ကွက်တွေက ရပ်မိရပ်ဖတွေနဲ့ အုပ်ချုပ်ရေးမှူးတွေ ကနေ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတွေအထိ ရွေးချယ်ပွဲတွေကို အရေးပါလှတယ်လို့ သိသူနည်းနေသေးသလို အဲဒီနေရာတွေကို တာဝန်ယူကြသူတွေထဲမှာလည်း ဘယ်မျက်နှာမှမထောက် ရပ်ကွက်အကျိုးသာရှေးရှုတယ်ဆောင်ရွက်တဲ့ သူရယ်လို့လည်း ရှာမှရှားပြီး ၁၀၀ တစ်ယောက်တောင် တွေ့ဖို့မလွယ်လှတာကြောင့် ဥပဒေသာထွက်ပေါ်လာခဲ့ပေမယ့် သိသူ၊အာရုံစိုက်စောင့် ကြည့်သူရယ်လို့ နည်းပါးပြီး ရပ်ကွက်လူကြီးနဲ့ အဆင်ပြေအောင်ပေါင်းမှ ရမယ်ရယ်လို့သာ မှတ်ယူထားကြဆဲဖြစ် နေပါတယ်။

ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံနေရသည့် အုပ်ချုပ်ရေး ကဏ္ဍတွေကို ပြည်ထဲရေး ဝန်ကြီးဌာနမှ တာဝန်ယူထားခြင်း၊ "ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တို့၏အုပ်ချုပ်ရေးကို နိုင်ငံ့ဝန်ထမ်းများအား တာဝန်ပေးဆောင်ရွက်စေရမည်"လို့ ပြဋ္ဌာန်းထားခြင်းများကြောင့် အကျိုးထက်အပြစ်တို့ ပိုများပြားနေတယ်လို့ လေ့လာသူများကသုံးသပ်ထားကြပါတယ်။ ဒီတစ်ပတ် ဒီဗွီဘီ ဒီဘိတ်က အခုအကြောင်းအရာနဲ့ ပတ်သက်ပြီး ဆွေးနွေးတင်ဆက်ကြမှာ ဖြစ်ပါတယ်။

## သူတို့အမြင်

"အုပ်ချုပ်ရေးမှူးအချို့ဆိုရင် ပြောင်းလဲနေတဲ့နိုင်ငံရေးစနစ်ကိုတောင် မသိတာမျိုးတွေရှိခဲ့တယ်။ ရန်ကုန်မှာဆိုရင် လုပ်လိုက်တဲ့ ရွေးကောက်ပွဲတွေရဲ့ မသမာမှုဖြစ်ရပ်တွေမှာ သူတို့ကိုယ်တိုင်ပါဝင်ခဲ့ တာမျိုးပေါ့။
**ဒေါက်တာညိုညိုသင်း** - ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အမတ်။

"အုပ်ချုပ်ရေးအာဏာ အောက်ကနေအထက်ကိုသွားဖို့အတွက် အဓိကအဟန့်အတား ကြားခံနေတာ က မြို့နယ်၊ခရိုင် အဆင့်ဆင့် အုပ်ချုပ်ရေးဌာနတွေပဲ။ သူတို့က အောက်ကတင်ပြချက်ကို အထက်ပို့ ဖို့ထက် အထက်ကညွှန်ကြားချက်ကို အောက်ကထပ်ဆင့် ညွှန်ကြားခိုင်းစေဖို့ ပိုအားသန်ကြတာမျိုး ရှိတာကြောင့် ချက်ချင်းပြောင်းပစ်ဖို့ ခက်တယ်။" **အငြိမ်းစား တိုင်းအုပ်ချုပ်ရေး အရာရှိတစ်ဦး**

"ဖွဲ့စည်းပုံအခြေခံဥပဒေကို မပြင်ဆင်နိုင်သေးခင်မှာ ဒေသန္တရအုပ်ချုပ်ရေးစနစ်ကို အားကောင်းခိုင်မာစေဖို့ နည်းလမ်း တစ်ခုရှိပါတယ်။ အဲဒါကတော့ နိုင်ငံတော်သမ္မတရဲ့အာဏာနဲ့ အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနကို ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်က ဆွဲထုတ်ပြီး သမ္မတရုံးရဲ့တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ ထားရှိခြင်းပဲဖြစ်ပါတယ်။ သမ္မတကိုယ်တိုင်ကသော်လည်းကောင်း၊ သမ္မတက တာဝန်ပေးတဲ့ အရပ်သားသမ္မတရုံးဝန်ကြီး တစ်ယောက်ကသော်လည်းကောင်း အထွေထွေ အုပ် ချုပ်ရေး ဦးစီးဌာနကို တိုက်ရိုက်အုပ်ချုပ်မယ်ဆိုရင် ထွေ/ အုပ်ညွှန်ချုပ်ကစလို့ အဆင့် ဆင့်သော အုပ်ချုပ်ရေးမှူးများဟာ ပြည်ထဲရေးဝန်ကြီးဌာနက တစ်ဆင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကို တာဝန်ခံစရာမ လိုအပ်တော့ဘဲ အရပ်သားနိုင်ငံတော်သမ္မတကို တိုက်ရိုက်တာဝန်ခံရတော့မှာဖြစ်ပါတယ်။ အဲဒီလိုဆိုရင် ဒေသန္တရအုပ်ချုပ်ရေးမှူး များရဲ့တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပြည်သူလူထုအကျိုးဆောင်ရွက်မှုနဲ့ပွင့်လင်းမြင်သာမှုတွေ ပိုပြီး အားကောင်းလာပါလိမ့်မယ်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၂၀၂(က)မှာလည်း "နိုင်ငံတော် သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများကို လိုအပ်သလိုသတ်မှတ်နိုင်သည်။ ထို့ပြင် ဝန်ကြီးဌာနများကို ပြင်ဆင်သတ်မှတ်ခြင်း၊ ဖြည့်စွက်ခြင်းပြုနိုင်သည်"လို့ ပြဋ္ဌာန်းထားပါတယ်။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ရဲ့သမ္မတကအစိုးရသစ်ဖွဲ့စည်းရာမှာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထဲရေး ဝန်ကြီးဌာနမှ ခွဲထုတ်ပြီး သမ္မတရဲ့တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာထားရှိဖို့အဆိုတင်သွင်းရင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ၅၉ ရာခိုင်နှုန်းနဲ့ အများစုလွှမ်းမိုးထားတဲ့ ပြည်ထောင်စုလွှတ်တော်ကလည်း သဘောတူ ထောက်ခံမှာပါ။ "
**အောင်ဒင်** - ဆောင်းပါးရှင်။

***Information links:***

www.7daydaily.com
www.dvbdebate.net